THE ARAKAN INTERNATIONAL

နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

# နိုင်ငံတကာသတင်းအကျဉ်း (၂၀၁၇ ခုနှစ်၊ ဂျန်နဝါရီလ ၁၂ / ၁၃ ရက်)













(၁) အမေရိကန်သမ္မတသစ် အဖြစ်မကြာခင်ကျမ်းသစ္စာကျိန်ဆိုမည့် ဒေါ်နယ်ထရင့်ပ်၏ လတ်တလောတွင် ခန့်မှန်းရခက်သည့်နိုင်ငံခြားရေးမူဝါဒအပေါ်ရည်ညွှန်းလျှက် အာသျှ-ပစိဖိဒေသတွင်းတိုးတက်ဖွံ့ဖြိုးရေးနှင့်ငြိမ်းချမ်းရေးအတွက် အမေရိကန်ပြည်ထောင်စု၏ထည့်ဝင်လုပ်ဆောင်ချက်များသည်လွန်စွာအရေးကြီးကြောင်းဖြင့် ဂျပန်ဝန်ကြီးချုပ်သျှိန်ဇိုအေဘီ နှင့် ဖိလီပိန်းသမ္မတရိုဒရီဂိုရို့မှအတည်ပြုပြောဆိုလိုက်ကတ်သည်။

သျှိန်ဇိုအေ ဘီအနီဖြင့် ဖိလီပိန်းသို့အလည်အပတ် ရောက်ဟိနီခိုက် ဖိလီပိန်းသမ္မတနှင့် တွေ့ဆုံကတ်ရာတွင်ယင်းသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

(ဘန်ကောက်ပို့စ်)

(၂) မလေးသျှားနိုင်ငံသည် လိုအပ်ပါက ယင်း၏ ရိန်းဂိ ငွေကြေးနှုန်းစံတိုင်းတာမှုများအပေါ် ပြန်လှန်သုံးသပ်ခြင်းနှင့်ထပ်ဆောင်လုပ်ဆောင်စရာများဆောင်ရွက်ကောင်းဆောင်ရွက်လားမည်ဖြစ်ကြောင်းဖြင့်နိုင်ငံ၏ဗဟိုဘဏ် မှသတင်းထုတ်ပြန်လိုက်သည်။

တန်ဖိုးကျဆင်းနီသည့်မလေးရိန်းဂိနှင့်တည်ငြိမ်မှုအားနဲသည့်ကမ္ဘာ့ငွေကြေးစျေးကွက်အလားအလာများအပေါ်သုံးသပ်လျှက်မလေးဗဟိုဘဏ်မှယင်းသို့သတင်းထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ပြီးခသည့်ဂျန်နဝါရီ ၄ ရက်နို့ပေါက်စျေးမှာ အမေရိကန် တစ်ဒေါ်လာလျှင်မလေးရိန်းဂိ ၄.၄၉ ဖြစ်သည်။

(ဘန်ကောက်ပို့စ်)

(၃) အိန္ဒိယနိုင်ငံ၏စပိုင်းစ်ဂျက်လီကြောင်းကုမ္ပဏီသည် ဘိုးအိန်းလီယဉ်၂၀၅စီးကို အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံဖြင့်ဝယ်ယူလိုက် ကြောင်းဖြင့်သတင်းထုတ်ပြန်လိုက်ပြီးယင်း မှာ အိန္ဒိယလီကြောင်းကုမ္ပဏီတစ်ရပ်အနီဖြင့်လီယဉ်အများဆုံးဝယ်ယူသည့်ဖြစ်စဉ်တစ်ရပ်ဖြစ်သည်။

လူလတ်တန်းစားများပြားလာသည်နှင့်အမျှ ပြည်တွင်းလီယဉ်ခရီးစဉ်များပိုမိုပြီးဆွဲလာရသည့်အိန္ဒိယနိုင်ငံတွင် ခရီးလားစျေးကွက်နှင့်လိုက်လျှောညီထွီဖြစ်ရန်အတွက် လီယဉ်များစွာလိုအပ်လျှက်ဟိကြောင်းဖြင့် သတင်းတွင်ဖြည့်စွက်ဖေါ်ပြသည်။

(ဘန်ကောက်ပို့စ်)

(၄) ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့၏အစောင့်အရှောက်ခံစာရင်းတွင်ထည့်သွင်းထားဟိသည့် ကမ္ဘောဒီးယားနိုင်ငံ၊ အန်ကောဝတ်ကျောင်းတော်သို့ပြီးခသည့်နှစ်အတွင်းလာရောက်လည်ပတ်ခကတ်သည့်

ကမ္ဘာလှည့်ခရီးသည်များအထဲတွင် အရီအတွက်အားဖြင့်ခြောက်သိန်းခုနစ်သောင်းနီးပါးဟိသည့် တရုတ်ခရီးသည်များမှာ အများဆုံးပင်ဖြစ်ကြောင်းဖြင့်ခမာတိုင်းသတင်းစာမှဖေါ်ပြသည်။ အန်ကောဝတ်ကမ္ဘာလှည့်ခရီးသည်များအနက်တောင်ကိုးရီးယားကဒုတိယအများဆုံးနှင့်အမေရိကန်ရို့က တတိယ အများဆုံးဖြစ်ကြောင်းဖြင့် ဆိုသည်။

(ဘန်ကောက်ပို့စ်)